## အသေခံရန် ဆုံးဖြတ်ချက်

မူဆလင် ရွာကြီးတစ်ရွာသို့ မူဆလင် တရားဟော ဆရာကြီးတစ်ပါး ကြွရောက်လာ၏။ တစ်ရွာလုံးနီးပါး ယေကျ်ားသားများမှာ မုတ်ဆိတ်ကြီးတဖါးဖါး– အင်္ကျီရှည်ကြီး တကားကားဖြင့် ဘာသာရေးသမားများကို တွေ့ရ၍၊ ဆရာကြီးခမြာလည်း အလွန်အား တက်သရောဖြင့် ပီတိသောမနသ ခံစားမိရလေ၏။

နောက်နေ့ သောကြာ ဘုရားဝတ်ပြု ဆုတောင်းသော အချိန်တွင် ဗလီသို့ ရောက်လာသော လူထုကြီးအား အာဘောင် အာရင်း သန်သန်ဖြင့် အစ္စလာမ်သာသနာ၏ ထွန်းမြတ်ကြောင်း၊ ယခုခေတ် ယခုအခါတွင် အစ္စလာမ် သာသနာအား လက်နက်အားကိုးဖြင့် ဖျက်လို ဖျက်ဆီးပြုမည့် သူများရှိနေကြောင်း၊ သို့အတွက် ကျွန်ုပ်တို့ အစ္စလာမ် သာသနာအား ချစ်မြတ် နိုးသည့် သူတိုင်း အစ္စလာမ် သာသနာအတွက် အသက်ပေး ကာကွယ်ရမည့် အကြောင်း အားရပါးရ ဟောကြားလေ၏။

ဘုရားဝတ်ပြုပြီးသောအခါ၊ အစ္စလာမ်သာသနာ အတွက် အသက်ပေးမည့် သူများ စာရင်းပေးနိုင်ကြောင်း ယခုအခါတွင် အစ္စလာမ် သာသနာအတွက် အသေခံဗုံးခွဲမည့် သူများ အပူတပြင်းလိုနေကြောင်း ကြေငြာလေတော့၏။

ထိုအခါ– တရွာလုံး၌ ဘာသာရေးသမားဟု ဟန်ရေးထုတ်နေသော မုတ်ဆိတ်ကြီးများ၏ မျက်နှာများမှာ ကြက်သေ သေလျှက်၊ ဘာလုပ်ရမည်ကို မသိ– ဖင်ကုတ် ခေါင်းကုတ် စဉ်းစားနေ၍– အလျှိုလျှို ဗလီ၏ နောက်ပေါက်မှ လစ်ကုန်ကြ၏။ သို့သော်––တရွာလုံးမှ အယူပျက်၊ သာသာပျက် ဟု ကြဉ်ဖယ်ထားသော၊ မုတ်ဆိတ်မရှိ ကျက်သရေရှိသော လူငယ်တစ်စုမှာ သူ့ထက်ငါ လု၍၊ သေရမည့် စာရင်းကို အလျှင်အမြန် အလုအယက် စာရင်းပေးနေကြ၏။

ထိုအခါ– ဆရာကြီးက၊ ထိုလူငယ်များထံသို့ ချဉ်းကပ်လျှက်၊ "မင်းတို့က တကယ်သေရဲလို့လား၊ မင်းတို့ စာရင်း ပေးတာ သေချာပါတယ်နော်၊" ဟု မေးလိုက်သော်–

**"သေချာပါတယ်ဗျ၊ ကျုပ်တို့က ခင်ဗျားတို့လို ကုလားဆိုးတွေအောက်မှ နေနေရတာနဲ့စာရင်၊ သေသွားရတာက ပိုကောင်းပါတယ်၊"** ဟု ပြိုင်တူ ပြန်ဖြေလိုက်ကြသတည်း။

ဇဝန

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com